# AROMA

ဝိ ညာဉ် ရေး ထု စာ စောင်


Calvary Burmese Church, 755, 8th Street, NW Washington DC 20001, Tel; (202) 347-8355, www.geocities.com/aromadc; www.cbc-dc.com

June 2009 အတွဲ ၆၊ အမှတ် ၆။ ကရာနီမြန်မာအသင်းတော်(ဝါရှင်တန်ဒီစီ)ဇဝ်ဂေလိနှင့်သာသနာပြုဌါနမှထုတ်ဝေသည်။


**ခရစ်တော်သည်ငါတို့ကိုချစ်တော်မူသောအားဖြင့်၊ ဘုရားသခင့်ရှေ့တော်၌မွှေးကြိုင်သောအနံ့ရှိစေခြင်းငှါ၊ကိုယ်ကိုကိုယ်ဆက်ကပ်၍ယဇ်ပူဇော်လျက်၊ ငါတို့အတွက်စွန့်တော်မူသည်နည်းတူ၊ သင်တို့သည်မေတ္တာတရား၌ကျင်လည်ကြလော့။ (ဧဖက် ၅း၂)**


**ယခုလဖတ်စရာ**

- ဗတ္တိဇံရဲ့သဘောတရား
- ခရစ်တော်သာလျှင်အဖြေ
- ချီးမွမ်းခြင်း၏တန်ခိုး



**ဝိညာဉ်ရေးအကြံပေး**

သိက္ခာတော်ရဆရာစောလယ်ထူး

**အယ်ဒီတာအဖွဲ့**

ဦးကမ် **(ထုတ်ဝေရေး)**
ukamaroma@gmail.com
သောင်းနိုး **(ကွန်ပြူတာစာတည်း)**
thawngnoaroma@gmail.com

**ကွန်ပြူတာစာစီ**

တိုးတိုးခိုင်

စာမူပေးပို့လိုသူများအောက်ပါ
လိပ်စာသို့ပေးပို့နိုင်ပါသည်။

3401 Sudlersville South
Laurel, MD 20724
Tel: 301-776-6820


# ဗတ္တိဇံ၏သဘောတရား

**– ယခင်လမှအဆက်**

## ယုဒသန်၌ခံသောဗတ္တိဇံ

ကျွန်ုပ်တို့မြန်မာလူမျိုးတွေရဲ့ သမိုင်းကြောင်းအရ၊ ဘာသာရေးရေစီးချောင်းပြောင်းလဲမှုဖြစ်စဉ်ကြီးတစ်ခုရှိခဲ့ပါသည်။ ဤအရာကို 'ယုဒသန်၌ဗတ္တိဇံခံခြင်း' ဟု 'သရုပ်တင်' ၍ပြချင်ပါ၏။

(၁၇) ရာစုခန့်ကပေါ်တူဂီ၊ စပိန် သာသနာပြုတွေကတဆင့် ဘုရင်ကို RC ဘာသာရောက်လာခဲ့၏။ (၁၈၁၃) မှာအမေရိကန် သာသနာပြုတွေကတဆင့် ပရိုတက်စတင့်ခေါ် နှစ်ခြင်းခရစ်ယာန်သာ သနာရောက်လာခဲ့၏။ ဘာသာရေး၊ ခရီးစဉ်တစ်ခု အစပြုခဲ့ကြတယ်ဆိုပါစို့။

မောရှေဦးဆောင်ပြီး ဣသရေလ လူမျိုးတွေကိုအဲဂုတ္တု မှခါနန်သို့ဦးတည်ခဲ့သည့် ခရီးစဉ်လိုပါပဲ။ ဆရာယုဒသန်ဦးဆောင်ပြီးမြန်မာလူမျိုးတွေကို ဘိုးစဉ်ဘောင်ဆက်သာသနာ ဝါဒတစ်ခုထဲကနေ ခရစ်တော်'ကယ်တင်ခြင်းတရား သစ်ဆီသို့ဦးတည်ပြီးထွက်ခွာလာခဲ့ကြပါသည်။ လမ်းဆုံးပန်းတိုင်ကတော့ ယုံကြည်ခြင်းကမ်းပါးသို့ဆိုက်ရောက်သည့်တိုင်အောင်ပေါ့။ မြန်မာလူမျိုးများရဲ့(တမလွန်) ဝိညာဉ်ကယ်တင်ခြင်းလမ်းအတွက် ဘုရားသခင် သည် ဆရာယုဒသန်ကို ရွေးကောက် စေလွှတ်ပေးခဲ့ခြင်းဖြစ်ပါသည်။

မှန်သောဘုရားသခင် တစ်ဆူတည်းဖြစ်တော်မူထသော ဖန်ဆင်းရှင် ထာဝရဘုရားကိုငှင်း၊ အပြစ်ဝန်ပိ၍သေခြင်းတရားလက်အောက် ရောက်နေသော လူသားတိုင်းတို့အား ရွေးနှုတ်ကယ် တင်နိုင်သော ကယ်တင်ရှင်သခင်ခရစ်တော်ကိုငှင်း၊ သိကျွမ်းခွင့်ရပြီး ယုံကြည်ကိုးကွယ်နိုင်သောအခွင့်ထူးကြီးပါပဲ။

"ကျွန်ုပ်ကိုဘုရားသခင်အပြီးသတ် မပြုပြင်ရသေးသောကြောင့် ကျေးဇူးပြု၍သည်းခံခွင့်လွှတ်ပေးပါ"

*-Rick Warren-*

## ယုံကြည်ခြင်းခရီးတာ

သာသနာပြုဆရာကြီး ယုဒသန်ရဲ့ဦးစီး ဦးဆောင်ပြုမှု၊ စွန့်လွှတ်အနစ်နာခံမှု၊ မြန်မာလူမျိုးတို့ကို ချစ်သည့်မေတ္တာ၊ သူ့ရဲ့ယုံကြည်ခြင်းဖြင့် ပေးဆပ်မှုတို့ကြောင့် ရှေးမြန်မာ ဘိုးဘေးတစ်စုတို့သည် ဗုဒ္ဓဘာသာမြန်မာ လူမျိုးစစ်များဆိုသည့် နေရာဆိပ်ကမ်းတစ်ခုမှနေ၍၊ မြန်မာလူမျိုး ခရစ်ယာန်ဘာသာဝင်များ ဟူ၍ ပြောဆိုနေကြပြီဖြစ်သည့် နေရာသစ်တစ်ခုဆီသို့ ဆိုက်ရောက်ခဲ့ကြပြီ။ ဘိုးဘေးတို့ကတော့ သူတို့၏ ယုံကြည်ခြင်းဖြင့်လမ်းဆုံး ပန်းတိုင်ကို ဝင်စားရောက်ရှိနေသော 'နေရာ' တစ်ခုသည် ဆရာယုဒသန်၌၎င်း၊ ဘိုးဘေးတို့၌၎င်း၊ ဗတ္တိဇံသဘောတရားနည်းဖြင့် ရောက်လာခဲ့ရသော နေရာပါ။ ဘိုးဘေးတို့က(ချိ)ပြီး ခေါ်လာခဲ့တာ၊ ကျွန်တော်တို့က (မှီ) ပြီးလိုက်လာခဲ့တာ။

ကျွန်တော်တို့သည် မြန်မာခရစ်ယာန်များ ဟုပြောဆိုနိုင်ခြင်းမှာ 'ဘို' ကောင်းချီးမင်္ဂလာတစ်ခု ဖြစ်ပါသည်။ ခရစ်ယာန်ဘာသာဝင် မိဘဘိုးဘွားကတဆင့် ဆင်းသက်ပေါက်ပွားပြီး ကြီးပြင်းလာကြသောကြောင့်၊ သွေးသားတော်စပ်ပတ်သက်မှုအရ ရထားသော အခွင့်အရေးသာပါ။ လူမျိုးနှင့်စပ်ဆိုင်၍ ဖွားလာသော သားများသာပင်၊ ကိုယ့်ရွေးချယ်မှု၊ အသိတရား၊ လုပ်ဆောင်ချက်၊ ကိုယ့်ယုံကြည်ခြင်း တစ်စုံတစ်ခုမှမပါသေးပဲ ရောက်နေတဲ့ 'နေရာ' တစ်ခုသာပါ။ 'ပန်းတိုင်' လုံးဝ မဟုတ်သေးပါ။ (ဘာသာရေးတောကြီးမျက်မဲထဲတွင်ရှိ၏) ဘိုးဘေးတို့က တာဝန်ကျေခဲ့ပါပြီ။ ကျွန်တော်တို့ကိုမှန်သော လမ်းကြောင်းတစ်ခုပေါ်သို့ ရောက်အောင်ဆွဲခေါ်၍ တွန်းတင်ခဲ့ပြီးပါပြီ။ ဘာသာရေးအသိသုတ အပြည့်နှင့်ထိုဘာသာတ ရား၏အဆုံးအမ ဘောင်ထဲ၌ လိမ္မာရေး ခြားရှိသော ခရစ်ယာန်ခလေးများအဖြစ်၌ ရှိနေကြ၏။ သို့သော် ယုံကြည်ခြင်းကိုတော့ အမွေပေး၍မရပါ။ (သူတို့မရှိကြတော့ပြီ) လမ်းလျှောက်ခြင်းနှင့် တူ၏။ လူပုဂ္ဂိုလ်တစ်ယောက် လမ်းလျှောက်ခြင်းသည် ကိုယ်ပိုင်ခြေထောက်တစ်စုံ၏ ကိစ္စပင် မဟုတ်ပါလား။ လမ်းလျှောက်တတ် သောဗီဇကိုတော့ သူတို့အားဖြင့် ရထားခဲ့ကြပြီးပါပြီ။ သိစေခြင်းသည်မှာ ကျွန်တော်တို့သည် ဘာသာခြားများလည်း မဟုတ်တော့ပါ။

ခရစ်တော်ကို ပုဂ္ဂလယုံကြည်ခြင်းနှင့် 'ယုံကြည်သူ' အဆင့်လဲအရောက်၊ (အလယ်အလတ်တစ်နေရာ) မွေးရာပါ အော်တော်မစ်တစ်ခရစ်ယာန်ဖြစ်လျှက်၊ ဘာသာဝင်အဆင့်မှာ ရပ်လျှက်ရှိနေကြလျှင် (၁ကော ၁၀း၅) ၌ပါသော အဖြစ်ကဲ့သို့တွေ့ကြုံကြရမည် သာပင်၊ ဣသရေလလူအုပ်ကြီးထဲက များစွာသော သူတို့သည်တော၌ သေကြေပျက်စီး ခြင်းသို့ ရောက်ကြရသလို၊ မြန်မာခရစ်ယာန် ဘာသာဝင်လူအုပ်ကြီးထဲမှာလည်း ကောင်းကင်နိုင်ငံတော်အထိဝင်ခွင့်မရဘဲ၊ ဘာသာတရားတော၌ သေကြေပျက်စီးခြင်းသို့ ရောက်ကြမည့် သူများစွာရှိနေ၏။ ခရစ်တော်ကို ကိုယ်တိုင်ယုံကြည်လက်ခံပြီးကယ်တင်ခြင်းဆုကျေးဇူးကို ရပြီး ကောင်းကင်နိုင်ငံတော် 'ပန်းတိုင်' အထိ ရောက်ရှိဝင်စားဖို့ရာကတော့ ဆရာယုဒသန်ရော ရှေးဘိုးဘေးတို့ရော ကျွန်တော်တို့ပါ ကိုယ်တိုင်ယုံကြည်ခြင်း ပါလျှက် 'ခရစ်တော်' ထံမှာ ဗတ္တိဇံခံကြရမှာပါ။ ထိုခရစ်တော် သယ်ဆောင်သွားမှသာ ကောင်းကင်ဘုံကို ဝင်စားရမှာပါ။

## ကျေးဇူးနှင့်ကျေးဇူးတော်

'ကယ်တင်ခြင်း' ဆိုသည်မှာ ခရစ်တော်နှင့်ဆိုင်၏။ လူပုဂ္ဂိုလ်တစ်ဦးခြင်းရဲ့ 'ပုဂ္ဂလိကယုံကြည်ခြင်း' နဲ့မှရ၏။ ခရစ်ယာန်ဖြစ်ခြင်းဆိုသည်ကတော့ အစဉ်အလာနှင့်ဆိုင်သည်။ ဒါက ဘိုအခွင့်အရေး (တော်စပ်မှုနဲ့အလိုလိုရနိုင်သည်) 'ရေ' ၏အာနိသင်က ကယ်တင်ခြင်းပေးနိုင်တာမဟုတ်ပါ။ (ပုံဆောင်ချက်သာ) 'ခရစ်တော်'ကသာကယ်တင်ခြင်းပေးနိုင်တာပါ။ (သိနားလည်မှုအပြည့်ပါတဲ့ သက်ဝင်ယုံကြည်မှုက အဓိက) (ကျေးဇူး) နှင့် (ကျေးဇူးတရား) သည်လုံးဝမတူပါ။ သတိထားကြပါ။ သာသနာပြုဆရာကြီးများရဲ့ ကျေးဇူး၊ မိဘဆရာသမား ဘိုးဘေးများရဲ့ 'ကျေးဇူး' ကြောင့်၊ ကျွန်တော်တို့ခရစ်တော်ကို အထူးပြုတဲ့ ခရစ်ယာန်ဘာသာထဲကို ရောက်ခဲ့ကြပေမယ့် ဘုရားသခင်က လူသားတိုင်းတို့အတွက် ပြုပေးသောအမှု၊ ကျေးဇူးတော်ကြောင့်ကယ်တင်ခြင်းရတာပါ။ 'သားတော်ကိုရသောသူသည် အသက်ကိုရ၏။ သားတော်ကိုမရသောသူကား အသက်ကိုမရ' (၁ယော ၅း၁၂) 'ခရစ်တော်ကို ကိုယ်ပိုင်ရပြီးသူမှ 'ကျေးဇူးတော်' နဲ့သက်ဆိုင်ပါသည်။ ငါတို့ဘုရားဆိုတာကနေ ငါ့ဘုရားဖြစ်လာရပါမည်။ (ဆာလံဆရာပြောသလို ထာဝရဘုရားသည် ငါခိုလှုံရာ၊ ငါ၏ရဲတိုက်၊ ငါကိုးစားသော ဘုရားသခင်ဖြစ်သည်ဟုငါပြောဆို၏။)

ဘိုးဘေးတို့၏ ယုံကြည်ခြင်းမှသည် အကျွန်ုပ်တို့၏ယုံကြည်ခြင်း ဖြစ်လာရပါမည်။ ကယ်တင်ခြင်းဆိုတာ 'ခရစ်တော်'တစ်ပါးထဲကသာပေးပိုင်ကြောင်းပါ။ ဘိုးဘေးတို့က ပေးလို့မရနိုင်သလို၊ သင်းအုပ်ဆရာကလဲ မပေးနိုင်ပါ။ သာသနာပြုတွေထံ၌ လည်းကယ်တင်ခြင်းပေးပိုင်ခွင့်မရှိပါ။ ဆရာ့ကျေးဇူးကြောင့် ကျွန်တော် ပြောင်းလဲလာတာ၊ ဆရာကြီးကိုယ်တိုင် ကျွန်တော့ကို နှစ်ခြင်းပေးထားတာ၊ ခရစ်ယာန်တွေရဲ့မေတ္တာပြမှုကြောင့် ကျွန်တော်တို့ ခရစ်ယာန် ဖြစ်လာခဲ့တာ၊ သာသနာပြု ပုဂ္ဂိုလ်

တွေရဲ့ ကျေးဇူးကြောင့် မြန်မာပြည်မှာ ယုံကြည်သူခရစ်ယာန်တွေ ရှိလာတာ ဒါတွေက လူအချင်းချင်းတင်ရမဲ့ တင်ထိုက်တဲ့ ကျေးဇူးတွေပါ။ 'ကျေးဇူးတော်' ဆိုတာကတော့ လူတွေကြောင့် ရတတ်တဲ့အရာမျိုးကို ပြောတာမဟုတ်ပါ။ ဘယ်လူတစ်ယောက်စီမှာမှလဲ မရှိပါ။ ဘုရားသခင်တစ်ပါးထဲထံမှာသာ ရှိတာပါ။ ဘုရားက လူတွေကိုပြုပေးတဲ့အမှု၊ သားတော်ကိုပေးခြင်းပါ။ (ဒါကိုရပြီးပြီလား )

လူအချို့က ခရစ်တော်ရဲ့ကယ်တင်ခြင်းကို 'ရမထား' ကြသေးပါ။ ဘိုးဘေးတို့တို့ ပေးထားတဲ့ ကယ်တင်ခြင်း(ဘာသာဝင်ဘဝ ရရှိသက်သက်)၊ သင်းအုပ်ဆရာက ပေးထားတဲ့ ကယ်တင်ခြင်း (ထုံးစံအရ ရေနှစ်ခြင်းမင်္ဂလာယူထားခြင်း သက်သက်)၊ အဲဒီ ရရှိထားတဲ့ ကယ်တင်ခြင်းမျိုးတွေက တမလွန်နဲ့ မပတ်သက်တဲ့ ကယ်တင်ခြင်းမျိုးတွေပါ။ ဝိညာဉ်လွတ်မြောက်မှု ထာဝရအသက်နဲ့မဆိုင်သော (လူတို့ပြုပြင်ရွေးနှုတ်ထားတဲ့ ကယ်တင်ခြင်မျိုးပါ)။ 'ခရစ်တော်၌' ဗတ္တိဇံခံခြင်းအားဖြင့်သာ ရနိုင်သော 'ကယ်တင်ခြင်း' ကို အပိုင်ရထားကြဖို့ လိုပါသည်။ 'ယုံကြည်သောအားဖြင့် ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်းသို့ရောက်ရ၏'

လူလူချင်း မေတ္တာဖြင့်ပြုပေးသော အမှုများအတွက် 'ကျေးဇူး' တင်ပါ။ ဘုရားသခင်ပြုသော အမှုအတွက် ကျေးဇူးတော်ချီးမွမ်းပါ။ ခုတော့လူအချို့ 'ကျေးဇူးတော်' ချီးမွမ်းတာလိပ်စာအတတ်မှားပြီး (နေရာလွဲနေ၏) ဆရာကြီးကြောင့်ကျွန်တော်ကယ်တင်ခြင်းရသွားတာ၊ ဒီကောင်တွေ ငါ့ကြောင့် ကယ်တင်ခြင်းရသွားကြတာ၊ ခရစ်ယာန်တွေကြောင့် ကျွန်တော်ကယ်တင်ခြင်းရခဲ့တာ၊ (ခရစ်တော်ပျောက်နေတယ်) လူလူချင်းတင်ရမဲ့ 'ကျေးဇူး' နဲ့ဘုရားကိုချီးမွမ်းရမဲ့ 'ကျေးဇူးတော်' နေရာအထားအသို မမှားကြပါစေနဲ့။

လက်ဝါးကပ်တိုင်မှာ အသေခံတာ – ခရစ်တော်ဘုရားသာ ဖြစ်ပါ၏။ ဆရာကြီးမဟုတ် ဘိုးဘေးတို့လဲမဟုတ်ပါ ခရစ်ယာန်တွေလဲ မဟုတ်ပါဘူး။ ဒါကြောင့် ကယ်တင်ခြင်းကို ပေးနိုင်သောအရှင်ဟာ 'ခရစ်တော်' တစ်ပါးတည်းပါ၊ ခရစ်တော်၌သာရနိုင်တာပါ ခရစ်တော်အားဖြင့်သာ ကယ်တင်ခြင်းသို့ရောက်နိုင်မှာပါ။ ဆရာမိဘဘိုးဘွားတို့အား 'ကျေးဇူး' တင်ပါ။ (သူတို့အားဖြင့်ခရစ်တော်ကိုသိရ၍) ဘုရားသခင်၏ 'ကျေးဇူးတော်' ကိုချီးမွမ်းပါ။ (သားတော်အားဖြင့်ကယ်တင်ခြင်းပေးလို့)

## အမြန်ရထား၌ခံသောဗတ္တိဇံ

'ကယ်တင်ခြင်း' သဘောကို ရှင်းလင်းစွာမြင်နိုင်ရန် 'သရုပ်တင်' ၍ပြုခြင်းဖြစ်၏။ 'ကျေးဇူးတော်' နှင့် 'အကျင့်' ကိုသဘောမပေါက်ဘဲလုံးထွေးရစ်ပတ်နေသူများ နေသောကြောင့်ဖြစ်၏။ ခရီးသွားတစ်စုသည် ရန်ကုန်မှမန္တလေးသို့ခရီးသွားကြ၏။ သူတို့အားလုံး၌ တူညီသော 'ဦးတည်ချက်' တစ်ခုရှိ၏။ (မန္တလေးသို့ရောက်သွားရန်) ။ သူတို့အားလုံ၌ တူညီသော 'အသိ' တစ်ခုရှိ၏(ရထားစီးသွားလျှင် ရောက်မည်)။ သူတို့အားလုံး၌တူညီသော 'လုပ်ရပ်' တစ်ခုရှိ၏ (ဘူတာရုံသို့သွား၍ ရထားပေါ်သို့တက်ကြ၏)။ သူတို့အားလုံး၌တူညီသော 'ယုံကြည်စိတ်ချမှု' တစ်ခုရှိ၏ (ရထားကြီးကပို့ပေးနိုင်သည်)။

ထို့ကြောင့် သူတို့အားလုံး မန္တလေးသို့ဆိုက်ဆိုက်မြိုက်မြိုက် ရောက်သွားကြတော့၏။ ထိုအုပ်စုထဲ၌ မိတာတစ်ရာကိုဆယ်စက္ကန့်ဖြင့်ပြေးနိုင်သော တာတိုအပြေးချန်ပီယံ တစ်ယောက်ပါ၏။ ခြေထောက်နှစ်ဖက်စလုံးပြတ်နေသော ရဲဘော်ဟောင်းတစ်ယာက်လည်း ပါ၏။ (တွန်းလှည်းထိုင်ခုံနှင့်ဖြစ်၏)။ မျက်မမြင် ကျောင်းမှ အဖွဲ့သားများလည်းပါ၏။ ဆွံ့အ နားမကြားကျောင်းမှ နားပင်းတစ်ယောက်နှင့် အအ တစ်ယောက်လဲပါ၏။ မနေ့ကမှ ထောင်ကလွတ်လာသော အရင်တုန်း ကလူဆိုးကြီး တစ်ယောက်လဲ ပါ၏။ ရုပ်ရှင်သွား ရိုက်ကြမည့် မင်းသားမင်းသမီးချောများလဲ ပါ၏။ ကျမ်းစာကျောင်းမှ ဓမ္မသူတော်စင်ကလေးများလဲ ပါလာ၏။ သူတို့တွေအားလုံး မန္တလေးသို့တစ်ချိန်တည်းတစ်ပြိုင်တည်း အတူတကွရောက်သွားနိုင်ခြင်းသည် ရထားကြီးကြောင့်သာဖြစ်ပါ၏။ ရထားကြီးပေါ်တက်၍ ရထားကြီးထဲ၌ ရှိနေသောကြောင့် ထိုရထားကြီးကသယ်ဆောင်သွားပေးခြင်းပင်၊ ထိုသူတို့အားလုံးမန္တလေးသို့ရောက်ကြခြင်းသည် ကိုယ်ရည်ကိုယ်သွေးနှင့်ဆိုင်သော သဘောတရား မဟုတ်ပါ။ ဘယ်သူ့အားနည်းချက်နှင့်မျှ မဆိုင်သလို၊ ဘယ်သူ့အားသာချက်ကြောင့်မှလဲ မဟုတ်ပါ။ (ရထားကြီးကြောင့်ပါ)

## ရထားကြီးရဲ့သဘောတရား

လမ်းခုလတ်၌ ရထားပေါ်မှ ခုန်ချသွားသူအချို့ ရှိ၏။ သူ့သဘောနှင့်သူဖြစ်၏။ (မန္တလေးသို့မရောက်တော့ပါ) အချို့ကရထားပေါ်၌ နောက်ပြန်လှည့်ကာ လမ်းလျှောက်ရင်း ရန်ကုန် ဘက်သို့ပြန်ရန် ကြိုးစားကြည့်၏။ တွဲထိပ်အစမှ နောက်ဆုံးတွဲအထိသာ ဆန့်ကျင်ဘက်ပြု၍ လမ်းလျှောက်နိုင်ခွင့် ရ၏(ရထားကြီးက ရှေ့သို့သွားမြဲ) ရထားကြီးသယ်ဆောင်ရာနောက်သို့ သူတို့ပါနေမြဲပင်။

( BACK SLIDE များနှင့်တူ၏) ဝိညာဉ်တော်က စောင့်မပို့ဆောင်မြဲပါ။ အပြီးသာ ခုန်မဆင်းသွားဖို့လိုတာပါ။ လာရာလမ်းကို ပြန်တမ်းတ တတ်တာ၊ ပြောင်းလဲလာသူတို့ရဲ့သဘာဝပါ။ အချို့

ကတော့ ကိုယ့်အစွမ်းအစကို အားကိုးပြီး ရထားကြီးကိုဝိုင်းဝန်း ကူညီချင်ကြ၏။ (တတ်နိုင်ကြတာကိုး) ရထားကြီးကို စေတနာပိုပြီး စောစောရောက်အောင် ကူညီကြတော့သည်။ ထို့ကြောင့်သူတို့သည် ရထားကြီးပေါ်တွင် ပြေးနေကြတော့၏။ ပြေးရင်း ဤသို့လဲပြောကြ၏။ ရထားက သွားတာလဲသွားပေ့ါ ကိုယ်ကလည်း ဝိရိယစိုက်ပြေးဦးမှပေ့ါ၊ ဒါမှ မြန်မြန်ရောက်မယ်၊ ရထားကြီးလဲ သက်သာမယ်တဲ့။

ဒီလိုနဲ့ 'ကယ်တင်ခြင်း' ရထားကြီးပေါ်မှာ လူတွေ သက်တောင့်သက်သာ 'ကျေးဇူးတော်' ချီးမွမ်းသီချင်းဆိုပြီး လိုက်ပါနေခိုက်မှာ သူတို့ကတော့ ချွေးတလုံးလုံးနဲ့ပေ့ါ၊ မောဟိုက်ပင်ပန်းပြီး လျှာထွက်ခါ ဟောဟဲ – ဟောဟဲနဲ့ သနားစရာ။ အိမ်ထဲမှာအပြေးကျင့်တဲ့ rolling board ပေါ်မှာ ပြေးနေတဲ့အတိုင်းပါပဲ။ အမှန်တော့ သူတို့လုပ်ရမဲ့အလုပ်က ရထားကြီးကို ရှည်ပြီးကူပြေးရမဲ့အလုပ် မဟုတ်ဘူး။ ကိုယ့်ဘေးပတ်ဝန်းကျင် ရထားထဲက တစ်ခရီးထဲသွားကြတဲ့လူတွေမှာ ဘာလိုအပ် နေသလဲ ထောင်ထွက်ကြီး ပိုက်ဆံပါရဲ့လား ထမင်းစားပြီးရဲ့လား မျက်မမြင်အုပ်စု အပေ့ါအပါးသွားချင်သလား ခြေပြတ်နေတဲ့ရဲဘော်လေးကို ဘာအကူအညီလိုလဲ မေးဦးမှ ဆိုတဲ့ အရာတွေကို လစ်လျူရှုပြီး မဟုတ်တဲ့နေရာမှာ တလွဲဆံပင်ကောင်းနေကြတာကို ပြောတာပါ။ (အားလုံးဟုမဆိုလိုပါ)

ရန်ကုန်မှမန္တလေးသို့ ပုံမှန်ကြာမြင့်ချိန် ၁၂ နာရီခန့်ရှိ၏။ အချိန်စောအောင် ဘယ်သူမှ လုပ်လို့မရသလို၊ အချိန်နောက်ကျအောင် ဘယ်သူမှလုပ်လို့မရပါ။ နောက်ပြန်သွားအောင်လဲ ဘယ်သူမှ လုပ်နိုင်စွမ်းမရှိပါ။ ရထားကြီးသည် သူ့သဘောသူ ဆောင်လျှက် အားလုံးသော ခရီးသွားတို့အား လိုရာခရီးသို့ တစ်ချိန်တည်း တစ်ပြိုင်တည်း ပို့ဆောင်ပေးနေပါသည်။ ရထားကြီးသည် – သူ့အပေါ် တက်လာသူ မှန်သမျှတို့အား မတားဆီးပါ။ သူနှင့်အတူ လိုက်ပါလာသူအားလုံးကို မတွန်းချပါ ကိုယ့်သဘောနှင့်ကိုယ် ခုန်ဆင်းသူတို့ကိုလဲ မတားဆီးပါ။ ကြိုးစားပြီး ဝိုင်းကူပြေးပေးသူများကိုလဲ ကျေးဇူးမတင်ပါ။ သူဦးတည်ချက်ကို ဆန့်ကျင်ပြီး ဆန္ဒပြကာ နောက်ပြန် လမ်းလျှောက်ကြသော ကလေးများကိုလဲ စိတ်မဆိုးပါ။ ရထားကြီးသည် 'တသမတ်' သဘောဖြင့်သူ့သဘောသူဆောင်ကာ အားလုံးတို့အား သယ်ဆောင်ပေးသလို မန္တလေးသို့ အမှန်ရောက်လိုသူများအဖို့ ထိုရထားကြီးနဲ့ သဟဇာတဖြစ်ဖို့တော့ လိုပါသည်။ သူ့သဘောသူဆောင်ထားသည့် ရထားကြီးနှင့် သဟဇာတမဖြစ်ဘဲ၊ ကိုယ့်သဘောကိုယ် ဆောင်ကြ မယ်ဆိုရင်တော့ (ခင်ဗျားမန္တလေး မရောက်ဘူးပေ့ါနော်)။

ဇတ္တိဇံဆိုသည်မှာ ဤသို့သောသဘောပါပဲ။ ကိုယ့်ကြောင့် မဟုတ်ဘဲ 'ခရစ်တော်' ကြောင့် ရောက်မဲ့ တစ်စုံတစ်ခုသော ရုပ်ဝန်းပင်။

တင်အောင်လွင် (Exodus)

နောက်လဆက်ဖတ်ရန်

# ခရစ်တော် သာလျှင် အဖြေ

လူ့ဘဝမှာသေခြင်းဆိုတာကို ဘယ်လိုဘဲ ရှောင်ရှောင်၊ ရှောင်လို့မရတာဟာ ဘဝတစ်ခုရဲ့ အကြွင်းမရှိတဲ့ အဖြေ (သို့) ရလာဒ်တစ်ခုပါပဲ။ လူသားမှန်သမျှ ဘယ်အချိန်မှာ သေရမလဲ ဆိုတာ မသိပေမဲ့ လူတိုင်း တစ်နေ့ သေရမယ်ဆိုတာ လက်ခံကြရတယ် မဟုတ်လား မိတ်ဆွေ။ လူဆိုတာ ဝမ်းမြောက်ရတဲ့ မွေးတစ်နေ့ပြီးရင် ဝမ်းနည်းရမဲ့ သေတစ်နေ့ဆိုတဲ့ ပန်းတိုင်ဖက်ကို ဦးတည်လျှောက်လှမ်းနေရတဲ့ လူတွေပါ။ ဒီလိုသွားရင်းနဲ့ပဲ အသက်တစ်ရာ မရှည်သော်ငြားလည်း အမှုတစ်ရာမက ကြုံနေရတာပဲဖြစ်တယ်။

ဘဝရေလှိုင်းသဖွယ် ဖိစီးမှု၊ ခက်ခဲမှု အမျိုးမျိုးက ချုပ်ချယ်လွှမ်းမိုးတဲ့ကြားထဲက လူသားတွေဟာ ဒီသေမင်းကို အနိုင်ယူဖို့ တချို့ငွေကြေးမြောက်များစွာကို သုံးစွဲခဲ့ကြပေမဲ့ သေမင်း က

တော့ တချို့ကို အသက်ငယ်ငယ်ရွယ်ရွယ်နဲ့ အနိုင်ယူသွားသလို တချို့ကိုတော့ အသက်ကြီးမှပဲ အနိုင်ယူသွားပြီး လူအသက်ထွက်သွားတာက ဘဝရဲ့ နိဂုံးလား.... မဟုတ်ပါ မိတ်ဆွေ။

သဘော်တွေ၊ လှေတွေ ဟာတည်ဆောက်တဲ့အချိန်မှာ ကမ်းနဘေးမှာ ဖြစ်သော်လည်း အမြဲ သွားလာလှုပ်ရှားနေရမဲ့နေရာဟာ ရေပေါ်မှာပါ။ ဒီလိုပဲ လူသားတွေဟာ သင်္ခါရလောကကြီးမှာ မွေးဖွါးကြီးပြင်း ပေမဲ့ ထာဝရနေရမဲ့နေ ရာကတော့ ထာဝရကောင်းကင် (သို့) ငရဲ ဆိုတဲ့နေရာပါပဲ။ ကျွန်ုပ်တို့ တတွေဟာ လောကဧည့်သည်တွေသာဖြစ်တယ်။ ဧည့်သည်ဆိုတာ ခဏတာတည်းခိုပြီးရင် မိမိ နေရမဲ့အိမ်ကိုပြန်ပြီးသွားရမှာဖြစ်ပါတယ်။ ဒ့ါကြောင့် ဓမ္မမိတ်ဆွေ အနေနဲ့ သေပြီးရင်ကော ဘဝကိုဘယ်လိုရင်ဆိုင်မှာလဲ၊ မိတ်ဆွေ အဆင်သင့်ဖြစ်ပြီးပြီလား။

ဒီကနေ့ တချို့သောလူတွေက ဆင်းရဲရမှာ၊ ဖျားနာရမှာ၊ ရောဂါရမှာကို မကြောက်ကြပေမဲ့ သေခြင်းကိုတော့ မကြောက်ကြတဲ့သူ တစ်ယောက်မှ မရှိဘူး။ ဒါဆိုရင် ဘယ်လိုလုပ်မလဲ။ အဖြေကတော့ ရှင်းရှင်းလေးပါ မိတ်ဆွေ။ ကြောက်မက်ဘွယ်ရာဖြစ်တဲ့ သေခြင်းကို အောင်နိုင်တဲ့သူကို အားကိုးရုံပဲပေ့ါ။ ကားရှိလျှက်နဲ့ မမောင်းတတ်ရင် မောင်းတတ်တဲ့သူကို ငှားပြီးခိုင်းရသလို သေခြင်းတရားကို အောင်သောသူနှင့်အတူနေရ၊ ပေါင်းနေရရင် သေခြင်းနဲ့ပတ်သက်တဲ့ ပြဿနာတွေ အတွက်စိတ်အေးရမယ်။ ဒါဆိုရင် သေခြင်းတရားကို အောင်နိုင်သူဟာ ဘယ်သူဖြစ်မလဲ... သေခြင်းတရားကို အောင်မြင်နိုင်သူဟာ ကျွန်ုပ်တို့ကို အမြဲ ဂရုစိုက်ပြီး မေတ္တာနဲ့စောင့်ကြည့်နေတော်မူတဲ့ ဘုရားသခင်ရဲ့သားတော်ယေရှုခရစ်တော်ပါပဲလို့ သတင်းကောင်းပါး ပါရစေ။

"*ယေရှုကလည်း ငါသည် ထမြောက်ခြင်းအကြောင်း အသက်ရှင်ခြင်းအကြောင်း ဖြစ်၏။ ငါ့ကိုယုံကြည်သောသူသည် သေလွန်သော်လည်း ရှင်လိမ့်မည်*" (ယော ၁၁း၂၅) လို့ အတိအလင်း မိန့်မှာပြောဆိုခဲ့ပါတယ်။ ဒီလိုဆိုရင် သေခြင်းတရားအတွက် ဘာမှပူပင်စရာ မရှိတော့ပါဘူး။ ယေရှုခရစ်တော်ကို ယုံကြည်ဖို့ပဲ လိုပါတော့တယ်။ ယေရှုခရစ်တော်ဟာ ကျွန်ုပ်တို့အပြစ်ကြောင့် ကားတိုင်ပေါ်မှာ အသေခံတာကို ယုံကြည်လိုက်တာနဲ့ တပြိုင်နက်ထဲ မိတ်ဆွေဟာသေခြင်းတရားကို ယေရှုခရစ်တော်အားဖြင့်အောင်ခွင့်ရပြီလို့ စိတ်ချလက်ချ စိန်ခေါ်နိုင်ပြီဖြစ်တယ်။

ခရစ်တော်ကိုယ်တိုင်က "*ငါသည် လမ်းခရီးဖြစ်၏၊ သမ္မတရားလည်းဖြစ်၏၊ အသက်လည်းဖြစ်၏၊ ငါ့ကိုအမှီမပြုလျှင် အဘယ်သူမျှ ခမည်းတော်ထံသို့ မရောက်ရ*" လို့ ယော၁၄း၆ မှာ အတိအလင်းမိန့်ဆိုထားပါတယ်။ ဒ့ါကြောင့် လောကကြီးရဲ့ ဓမ္မတာ ဝတ္တရားဖြစ်တဲ့ သေခြင်းဟာ မိတ်ဆွေရဲ့ အသက်တာထဲမှာ ရောက်ပေမဲ့လည်း ခရစ်တော်ကို ယုံကြည်လက်ခံပြီးရင် ထာဝရအသက်ရသူ၊ သေခြင်းတရားကို အောင်နိုင်သူအနေနဲ့ ဘုရားသခင်က ဘိသိက်ပေးထားပါတယ်။ ကျွန်ုပ်တို့အနေနဲ့ မီးရထားစီးပြီး သွားလိုသောနေရာကို သွားမဲ့အခါ ရထားလက်မှတ်ကိုဝယ်ရပါတယ်။ ရထားလက်မှတ်ကို လက်ထဲမှာ ပိုင်ဆိုင်ထားပါက ဆင်းရဲသူဖြစ်ဖြစ်၊ ချမ်းသာသူဖြစ်ဖြစ် ပညာတတ်သည်ဖြစ်စေ၊ မတတ်သည်ဖြစ်စေ လက်မှတ်စစ်ဆေးသူများက အတားအဆီးမရှိ ရထားပေါ် ကိုတက်ခွင့်ပေးမှာဖြစ်ပါတယ်။ ဒါပေမဲ့ ရထားလက်မှတ်မပါရင်တော့ စီးခွင့် ပေးမှာ မဟုတ်ပါဘူး။

မိတ်ဆွေ ခရစ်တော်ဟာ ကောင်းကင်ဘုံသွားတဲ့ လမ်းခရီးလက်မှတ်ဖြစ်ပါတယ်။ သူ့ကိုယုံကြည်လက်ခံတဲ့နေ့ ကစပြီး ဆင်ရဲသူ၊ ဖျားနာသူ၊ ဘာမှမရှိတဲ့သူ ဖြစ်ပါစေ ခရစ်တော်ကို ယုံကြည်ခြင်းအားဖြင့် ကောင်းကင်ဘုံကိုဝင်စားခွင့် ဘုရားသခင်က ပြင်ဆင်ပြီးသားဖြစ်ပါတယ်။ တစ်ခုတည်းသော ကောင်းကင်ဝင်ခွင့်လက်မှတ် (သို့) သေခြင်းတရားကို အောင်မြင်နည်းအဖြေမှာ ယေရှုခရစ်တော်ကို မိမိ ကယ်တင်ပိုင်ရှင်အဖြစ်လက်ခံ ယုံကြည်ခြင်းပင်ဖြစ်ကြောင်း သတင်းကောင်းပါးလိုက်ပါတယ်။ ဒါကြောင့် သေရမှာကို မကြောက်ပါနဲ့လို့ ကျွန်ုပ်ပန်ကြားလိုပါတယ်။ ဒါတွေအားလုံးရဲ့ အဖြေဟာ ယေရှုခရစ်တော်ပဲဖြစ်ပါတယ်။

ဆရာမနော်လားစေးဝါး

*မှတ်ချက်။ ။ ခိုနားရာ စာစောင်အမှတ် (၂) မှ ကောက်နုတ်ဖော်ပြခြင်းဖြစ်ပါသည်။*

# ချီးမွမ်းခြင်း၏တန်ခိုး

**– ယခင်လမှအဆက်**

## မုဆိုးမငယ်

ခင်ပွန်းဖြစ်သူရုတ်တရက် ဆုံးပါးသွားပြီးနောက်၊ သားသမီးမထွန်းကားခဲ့သူဖြစ်သော အိမ်ရှင်မတစ်ဦးသည် လွန်စွာဝမ်းနည်းပူဆွေး၍ သောကရောက်နေစဉ်၊ ဆွေမျိုးအသိုင်းအဝိုင်းကလည်းဥပေက္ခာပြုထားကြရာ သောကဝေဒနာမှာ ခံနိုင်စွမ်းထက်ကျော်လွန်နေ၍၊ ခန္ဓာကျန်းမာရေးချို့ယွင်းလျက်၊ နာကျင်ကိုက်ခဲမှုကြောင့် အိပ်မရစားမဝင်ဖြင့်၊ ကိုယ်အလေးချိန်လည်းကျဆင်းလျက်ရှိသည် နေ့ရောညပါ အိမ်ထဲ၌ တစ်ကိုယ်တည်းငိုကြွေးရင်း၊ အချိန်နာရီကိုပင်သတိမမူနိုင်၊ 'ဘုရားသခင် ကိုယ်တော်တကယ်တည်ရှိတယ်ဆိုရင်၊ ကျွန်မကို သတိရသေးရဲ့လား ကိုယ်တော်' ဟုလည်းအော်ဟစ်တောင်းလျှောက်မိသည်။

တစ်နေ့ "ချည်နှောင်ခြင်းမှ ချီးမွမ်းခြင်းသို့"စာအုပ်ကိုအလွန်နိုးဆော်ခံရ၍ ဝယ်ဖတ်မိရာ မျက်ရည်များစွာကျ၍ စာကိုပင်မမြင်နိုင်အောင် ဖြစ်လာရ၏။ သို့နှင့်ကြမ်းပြင်ပေါ်ထူးထောက်၍၊ ဘုရားကိုကျေးဇူးတော် ချီးမွမ်းတော့သည်။ ဖြစ်သမျှအမှုများအတွက် ဂုဏ်တော်ချီးမွမ်းမိသည်။ သည့်နောက်ဝယ်တစ်ခါမျှမကြုံဘူးသည့် ငြိမ်သက်ခြင်းကိုခံစားရ၏။ မကြာမီရက်များတွင်ပင် သူမ၏မျက်နှာမှာ ဝမ်းမြောက်မှုဖြင့်ဝင်းပလာ၏။ သူမအားသတိထားကြည့်နေကြသော အိမ်နီးခြင်းများပင်အံ့သြရကြ၏။ များမကြာမီ သူမ၏မောင်ရောက်လာပြီး မျက်ရည်စက်လက်ဖြင့်တောင်းပန်၏။ 'အစ်မရယ် ကျွန်တော့်ကိုခွင့်လွှတ်နိုင်သေးရဲ့လား၊ ကျွန်တော်အမကိုနားလည်မှုလွဲခဲ့တယ်၊ အစ်မက 'ယောက်ျားသေခါနီးမှာ ကျွန်တော်တို့ဆီက ဘာအကူအညီမှမရဘူးလို့ အိမ်နီးနားချင်းတွေဆီမှာလျှောက်ပြောနေတယ်' ဆိုတဲ့ကြားစကားကိုမိုက်မိုက်ကန်းကန်းယုံခဲ့ပြီး၊ အစ်မကို စကားမပြောချင်အောင်ဖြစ်ခဲ့ရတယ်။ ဒီနေ့မှာပဲ ကျွန်တော်တို့လုပ်ပုံမဟုတ်သေးဘူး လို့ ဆင်ခြင်မိပြီးလာခဲ့တာပါ အစ်မ' ဟုဆို၏။

'ဝမ်းမနည်းနဲ့မောင်လေး၊ မင်းဒီလို လုပ်မိတဲ့အတွက်၊ အစ်မကို ဘုရားသခင်ဘယ်လောက်ချစ်ကြောင်း အစ်မသိရပြီလေ။ ကျေးဇူးတော်ချီးမွမ်းစမ်းပါကွယ်' ဟုပင် ပြန်လည်နှစ်သိမ့်ပေးနိုင်၏။ 'ငါသည်သင်တို့ကိုချစ်သည့်နည်းတူ အချင်းချင်းချစ်ကြလော့' (ယောဟန် ၁၅း၁၂) ဟူသောပညတ်ချက်ကိုနာခံလိုက်လျှောက်နိုင်ဘို့ ကျွန်တော်တို့၏နှလုံးသားများ ကိုဘုရားရှင်ပြုပြင်နေပါသည်။ (ယောဟန် ၁၅း၁–၃) ငါသည်မှန်သော စပျစ်နွယ်ပင်ဖြစ်၏။ ငါ့ခမည်းတော်သည်လည်းဥယျာဉ်စောင့်ဖြစ်တော်မူ၏။ အသီးသီးသောအခက်ရှိသမျှတို့ကိုသာ၍ သီးစေခြင်းငှာသုတ်သင်ရှင်းလင်းတော်မူ၏'။

## ချီးမွမ်းပါ

ခုတ်ထွင်ရှင်းလင်းခဲ့သည့်အခါ၊ နာကျင်ဖွယ်အခြေအနေတွင် ပြစ်တင်မြည်တမ်းစောဒကတက်နေမည်ဆိုလျှင်၊ ကျွန်တော်တို့အထဲ၌ ဘုရားသခင်လုပ်ဆောင်နေသည့်အမှုကို နှောင့်နှေးအောင် ဟန့်တားရာရောက်၏။ ထို့ကြောင့် ဘုရားခွင့်ပြုချက်ကြောင့် ကြုံဆုံရသမျှအတွက်၊ ကျေးဇူးတော်ချီးမွမ်းရန်သာ ရှိတော့သည်။

(တမန်တော် ၁၆း၂၀–၂၄) ၌ ပေါလုနှင့်သိလတို့ ဖိလိပ္ပိမြို့၌ ကြိမ်ဒဏ်ခံရပြီးထောင်ထဲ၌ ထိပ်တုံးခပ်၍အကျဉ်းချခံရကြ၏။ (၂ကော ၁၁း၂၄) ကျမ်းစာအရ ၃၉ ချက်သော ကြိမ်ဒဏ်ချက်ရာကြောင့် သွေးစိမ်းရှင်ရှင်စီးကျနေပြီးကိုက်ခဲညောင်းချိနေသည်။ ခြေအစုံကိုလည်းလှုပ်ရှားမရအောင် ချုပ်နှောင်ခံရစဉ်ပင် ဂုဏ်တော်ချီးမွမ်းသီးဆိုနေကြကြောင်း ဖေါ်ပြ၏။ ထိုညသန်းခေါင်၌ သူတို့ချီးမွမ်းနေစဉ် ထောင်တံခါးပွင့်ပြီး ချုပ်နှောင်သမျှ သံကြိုးပြုတ်တောက်

ကုန်သည်အထိ မြေလျောင်တစ်ခု ပြင်းထန်စွာလှုပ်ခဲ့၏။ ထိုအမှု၏နောက်ဆက်တွဲ အဖြစ်အပျက်မှာ ထောင်မှူးမှအစပြုပြီး သူ့အိမ်သားများ ကယ်တင်ခြင်းရခြင်းဖြစ်၏။ ဘုရားရှင်၌ အစဉ်ပင် ထူးဆန်းသောအစီအစဉ်ရှိ၏။ ပေါလုတို့ကို ဤပုံစံဖြင့်အမြဲစီစဉ်ပေးသည်မဟုတ်၊ ရံဖန်ရံခါ ထောင်ထဲ၌ နှစ်နှင့်ချီ၍နေခဲ့ရပါသေးသည်။ ဒုက္ခဆင်းရဲမျိုးစုံ ကြုံခဲ့ရ၏။ (၂ကော ၁၁း၂၃–၂၇) ၊ကြုံတွေ့ခဲ့ရသမျှအတွက် ဝမ်းမြောက်စရာချီးမွမ်းစရာဟု သူခံယူခဲ့၏။

ဂုဏ်တော်ချီးမွမ်းခြင်းဆိုသည်မှာ ကျွန်တော်တို့၏အသက်တာထဲသို့ ဘုရားသခင်ဆောင်ကျဉ်းပေးသည့် အရာရာတိုင်းကို အစဉ်လက်သင့်ခံခြင်းဖြစ်သည်။ စိတ်ခံစားချက်များကို အလေးမထားဘဲ ဘုရားရှင်ကို ချီးမွမ်းမည်ဟူသောဆုံးဖြတ်ချက်နှင့်အတူ စိတ်ဆန္ဒ အပြုအမူများအားဖြင့် ဂုဏ်တော်ချီးမွမ်းခြင်းသည် စစ်မှန်သည့်သဘောထားဖြစ်၏။

## ညည်းညူခြင်း

သင်သည် မိမိလိုလားသည့်အရာအတွက်သာ ဘုရားကိုကျေးဇူးတင်ချီးမွမ်းတတ်သည့် အလေ့အထမျိုးရှိနေပါသလား သင်လိုချင်သည့် အနေအထားမျိုး ဖြစ်မလာသည့်အခါတွင်၊ နည်းနည်းပါးပါး ညည်းထွားမြည်တမ်းလိုက်ရမှ နေသာထိုင်သာရှိတတ်သည့် အကျင့်ရှိနေပါသလား အနည်းငယ်မျှသာ ညည်းတွားသဖြင့် အရေးမကြီးဟုထင်ပါသလား သေးငယ်သည့် သံချွန်ကလေးကြောင့် ကားဘီးပေါက်နိုင်၏။ ညည်းညူခြင်းသည် အလွန်လွယ်သောအမူအရာ၊ မကြာခဏပင် အစဉ်မပြေမှုတွေ့တိုင်း လွယ်ကူစွာ ညည်းမိတတ်၏။

ညည်းပြုခြင်းသည် မြည်တမ်းခြင်းဖြစ်၏။ ကျေးဇူးတော်ချီးမွမ်းခြင်း၏ ဆန့်ကျင်ဘက်ဖြစ်၏ ပြစ်တင်ညီးတွားခြင်းသည် ဘုရားကိုကိုးစားခြင်းနှင့် ဆန့်ကျင်ဖက်ဖြစ်၏။ မချီးမွမ်းလိုမချီးမွမ်းနိုင်ခြင်းသည် သွယ်ဝိုက်စွာနှင့် ဘုရားကိုမယုံရာ၊ အပြစ်တင်ရာရောက်၏။ ထိုအခါ ဘုရား၏တန်ခိုးတော်ကို ပိတ်ဆို့ဆီးတားလေသည်။ (ဖိလိပ္ပိ ၂း၁၄ ၊ ၁ကော ၁၀း၁၁) (တောလည်ရာ ၁၁း၁) ထို့ကြောင့် မယုံကြည်ခြင်း၊ ညည်းထွားခြင်း၊ မြည်တမ်းခြင်း၊ အပြစ်တင်စွပ်စွဲခြင်း၊ စသောပြစ်မှုများကို စွန့်ပစ်ကြရမည်။ အဘယ်ကြောင့်ဆိုသော် ထိုအရာများက ဘုရားကိုဆန့်ကျင်ပုန်ကန်သောအရာများဖြစ်၏။ နေ့စဉ်တွေ့ကြုံရသမျှ အခက်အခဲအသေးအကြီး တစ်ခုစီတိုင်း၊ ဆုံကြုံရတိုင်းဘုရားရှင်အား ကျေးဇူးတော်ချီးမွမ်းပါ။ ခံစားချက်ကိုဂရုမစိုက်ရပါ၊ သင့်အတွက် အလိုအပ်ဆုံးမှာလက်ရှိ အခြေအနေကို ဝမ်းမြောက်စွာ လက်ခံရန်ဖြစ်သည်။ (၁သက် ၅း၁၅၊ ဧ ၅း၂၀)

## အလုပ်လက်မဲ့မှသည်

စီးပွါးရေးသမား တစ်ဦးသည် အသက်တာကို ခရစ်တော်ထံ လေးနက်စွာဆက်ကပ်အပ်နှံပြီးနောက် မကြာမှီ လစာကောင်းသောမန်နေဂျာ အလုပ်မှရပ်နားခံခဲ့ရသည်။ စီးပွါးရေးကပ်ဆိုက်နေချိန်ဖြစ်ရာ တစ်နှစ်နီးပါးလုံးလုံးအလုပ် မရနိုင်ပဲ စားသောက်နေထိုင်ရေးအတွက်ကြွေးမြီပြဿနာ များစွာနှင့် ရင်ဆိုင်ရတော့သည် စိုးရိမ်ကြောက်ရွံ့မှုများ ခံစားရသည်။ ဆုတောင်းချက်များလဲ အဖြေမရဘဲဖြစ်နေသည်။ တစ်နေ့တွင်‘ အရာရာ၌ ကျေးဇူးတော် ချီးမွမ်းပါ’ ဟူသောဝေ့ချက်ကို နာကြားပြီးသောအခါ၊ ဤကဲ့သို့ အလုပ်လက်မဲ့ဖြစ်နေရခြင်းနှင့် မိသားစုများ ရင်ဆိုင်နေရသော အခက်အခဲများအတွက်၊ ကျေးဇူးတော်ချီးမွမ်းလေသည်။ ဆက်လက်ပြီး တနင်္ဂနွေနေ့တွင်လည်း ဆက်လက်ပြီး ကျေးဇူးတော်ချီးမွမ်း နေခဲ့သည်။ ကြောက်ရွံ့ပူပန်စိတ်များ လျော့ပါးလာပြီး၊ ငြိမ်သက်ခြင်း ဝမ်းမြောက်သက်သာခြင်းကိုခံစားလာရသည်။ တနင်္လာနေ့ စီးပွါးရေးသမားများနှင့်ဆက်သွယ်နေရာ၊ ခရစ်တော်အကြောင်း သက်သေခံသဖြင့် တစ်ယောက်ပြီးတစ်ယောက် ခရစ်တော်ကို ကယ်တင်ပိုင်ရှင်အဖြစ် လက်ခံလာကြသည်။

‘ကျွန်တော့်ရဲ့ကြောက်ရွံ့စိတ် မီးပွါးလေးကိုမီးမွှေးပေးနေသရွေ့ အခြေအနေပေါ်မှာကြည့်နေသရွေ့၊ ကျွန်တော့်အတွက် ဘုရားလုပ်ပေးမဲ့အရာတွေကို ပိတ်ဆို့နေတာဖြစ် တယ်၊ ဘုရားကို ယုံကြည်အားကိုးပြီးရှိနေတဲ့အနေအထားအတိုင်း ချီးမွမ်းလိုက်တဲ့အခါ ဘုရားရဲ့အကောင်းဆုံးအစီအစဉ် ထဲကိုရောက်ရပါပြီ’ ဟုဝန်ခံ၏။

ငယ်ရွယ်သောကျောင်းဆရာမလေး တစ်ဦးမှာ နွေရာသီကျောင်းပိတ်ရက်၌ ခရီးလွန်နေချိန်လာမည့်ကျောင်းဖွင့်ချိန်၌ အလုပ်ဆက်လုပ်မည်မလုပ်မည် အကြောင်းပြန်ပါဟူသော စာကိုအချိန်မှီအ ကြောင်းပြန်ခွင့်မရခဲ့၍ ခရီးမှပြန်ရောက်လာသောအခါ သူမခမျှာ အလုပ်လက်မဲ့ဖြစ်နေပြီ။

အစတွင်စိတ်လိုက်မာန်ပါ သောင်းကျန်းပစ်ရန် ကြံခဲ့၏။ သူမကောလိပ်ကြွေး များကို လစဉ်ပေးဆောင်ရန်လည်းလိုပြီ၊ ကျောင်းများဖွင့်တော့မည်၊ အလုပ်သစ်မရနိုင် အခြားအလုပ်များလဲရှာမရ၊ မကြာမှီချီ နှောင်ခြင်းမှ ချီးမွမ်း

ခြင်းသို့ စာအုပ်ကိုဖတ်ခွင့်ရသောအခါ၊ မိမိအခြေအနေများကိုသတိနှင့် ချုပ်တည်းနိုင်ခဲ့၏။ ကျောင်းဟောင်းကို စိတ်လိုက်မာန်ပါရုတ်ရုတ်သဲသဲလုပ်မည့်အစီအစဉ်ကိုစွန့်လွှတ်ပြီး ' အလုပ်လက်မဲ့ဖြစ်ရခြင်းအခြေအနေအတွက် ဘုရားရှင်၌ အစီအစဉ်ရှိ၍ခွင့်ပြုခြင်းသာဖြစ်မည်' ဟု ကျေးဇူးတော်ချီးမွမ်း၏။ (၂) ရက်ဆက်တိုက် ချီးမွမ်းပြီး စဉ်ငြိမ်သက်ခြင်းရလာသည်။ (၃) ရက်မြောက်သောနေ့တွင် တစ်စုံတစ်ဦးက စကားစပ်၍ ပြောပြလာသဖြင့်၊ ခရစ်ယာန်ကျောင်းတစ်ကျောင်းနှင့်ဆက်သွယ်မိပြီး အလုပ်သစ်ရတော့သည်။ အလုပ်ဟောင်းထက်ပင် အစဉ်ပြေ၏။

စာသင်ခန်းထဲ၌ လွတ်လပ်စွာဝေငှနိုင်၏။ 'ကျွန်မစိတ်လိုက်မာန်ပါ ပြဿနာတွေလုပ်ခဲ့မိရင်ခုထိအလုပ်ပြန်ရမှာမဟုတ်ဘူး၊ ဘုရားသခင်ကျွန်မကိုဂရုမစိုက်ပါလားဆိုပြီး ညည်းညူနေမိဦးမှာ' ဟု ပြောပြသည်။ မခံမရပ်နိုင်အောင် ဒေါသထွက်ခြင်း၊ ကြောက်ရွံ့ခြင်း၊ ညည်းညူမြည်တမ်းခြင်းနှင့် မကျေမနပ်ဖြစ်နေခြင်းများက ဘုရားအကြံအစည်ကိုဟန့်တားသော အရာများဖြစ်သည်။

## အသံတော်၏ညွှန်ပြမှုကြောင့်သာ

'အရာရာ၌ ကျေးဇူးတော်ချီးမွမ်းခြင်း' ဟောပြောပွဲအစီအစဉ်တစ်ခုအပြီး၌ ပြန်သွားခဲ့သောမိသားစုတစ်စုသည် ညည့်နက်မှနေအိမ်သို့ ပြန်ရောက်ကြ၏။ သုညဒီဂရီရေခဲမှတ်အောက်ရောက်နေသောအချိန်ဖြစ်သည်၊ ကားကိုရပ်၍ အိမ်ရှေ့တံခါးသို့ရောက်စဉ်ပင်အိမ်ထဲ၌ တစုံတစ်ရာဖြစ်နေကြောင်း သတိပြုမိသည်။ တံခါးဖွင့်ပြီးဝင်လျှင် တအိမ်လုံး စေက်နေကြောင်းသိလိုက်၏။ မီးလုံ့သည့် သတ္တုမီးဖိုမှာ မီးငြိမ်းနေလေပြီ။ မိသားစုများ အိမ်ပေါ်ထပ်သို့တက်သွားစဉ် သူကမြေအောက်ခန်းမှ မီးဖိုကိုစစ်ကြည့်ရန် ဆင်းသွားခဲ့သည်။ မီးဖိုအကြောင်းနားလည်ထားသူတော့မဟုတ်၊ အဘယ်အရာချို့ယွင်းနေမှန်းသူမသိ၊ မီးဖိုကိုစိုက်ကြည့်နေစဉ် ကျေးဇူးတော်ချီးမွမ်းရမည် ဟု အတွေးကပေါ်လာ၏ အချမ်းဒဏ်ခံနေရသောမိသားစုနှင့် အနွေးဓါတ်ကင်းမဲ့နေသောအိမ်ကြောင့် သူစိတ်အနှောက်အယှက် ဖြစ်နေစဉ်မှာပင် 'ဘုရားရှင်အား၊ ဤမီးဖို၏အဖြစ် အပျက်အတွက်ကျေးဇူးတော်ချီးမွမ်းလိုက်သည်။

ထိုစဉ် 'ပန်ကာကိုစစ်ဆေးကြည့်ပါ' ဟူသောအကြံပေးချက်ကိုသူ့စိတ်ထဲ၌ တိတိကျကျ ကြားရသည်။ 'ပန်ကာဘယ်နားမှာ ရှိတယ်ဆိုတာ ကျွန်တော်မသိဘူး' ဟုဆိုစဉ် 'ညာဘက်ကသတ္တုပြားရဲ့နောက်ကို ကြည့်လိုက်ပါ' ဟု အသံရောက်လာပြန်သည်။ ဝက်အူလှည့်ရှာပြီး ဖွင့်ကြည့်လိုက်ရာ အကြောင်းမထူးသေး၊ 'သတ္တုမီးဖိုခလုပ်ကိုဖွင့်လိုက်ပါလား' ဟု အကြံပေးချက်ကိုကြား၍ ထိုခလုပ်ကို ဖွင့်လိုက်သည်နှင့်၊ မီးဖိုမှာ မီးတောက်များယိမ်းထိုးထွက် ပေါ်လာတော့ရာသူသည်လည်း ဝမ်းသာအားရဖြင့် မိသားစုများထံပြေးတက်သွား၍ ဘုရားရှင်ကျေးဇူး ပြုခြင်းအကြောင်းကို ပြောပြတော့သည်။

ဤအဖြစ်အပျက်၏ နောက်ပိုင်း၌ ထိုသူ့အသက်တာမှာ လွန်စွာပြောင်းလဲခဲ့ရသည်။ အခြေအနေတိုင်းတွင် ဘုရားအသံတော်ကို စတင်နားထောင်တတ်လာသည်။ ဝိညာဉ်တော်ဘုရား၏လှုပ်ခေတ်မှုကို သိရှိခံယူလွယ်သူ ဖြစ်လာသည်။ သူတပါးအတွက်ပင် ဘုရားရှင်မှ သူမှ တဆင့်သတင်းပေး လုပ်ဆောင်စေခိုင်းနိုင်သည် အထိ၊ ဝိညာဉ်ရေးရာတိုးတက်ခဲ့၏။

'စိတ်ပျက်ညည်းထွားခဲ့လျှင် ကျရှုံးခြင်းကွန်ယက်ထဲ၌ ရှုပ်ထွေးငြိတွယ်ပြီး လွတ်မြောက်ရာလမ်း တွေ့တော့မည် မဟုတ်' အကယ်၍ သင်သည်ဆင်းရဲဒုက္ခတောင်တန်းကြီးများ ပတ်လည်ဝိုင်းရံထား ခြင်းခံနေရသည်ဖြစ်စေ (သို့) ဒေါသထွက်စရာ၊ စိတ်အနှောက်အယှက်ဖြစ်စရာတောင်ပို့ငယ်ကလေးများ ပတ်ဝိုင်းခြင်းနှင့် ရင်ဆိုင်နေရသည်ဖြစ်စေ၊ အရေးကြီးသောအလှည့်အပြောင်းမှုကား အတူတူပင်ဖြစ်သည်။ သင့်မကျေနပ်ချက်နှင့်ပြစ်တင်ညည်းညူခြင်းကို အပြစ်ကဲ့သို့မှတ်ယူပြီး ဝန်ချတောင်းပန်ပါ။ ယခုမှစ၍ ဘုရားသခင်၏ ကျေးဇူးတော်ကိုချီးမွမ်းမည်ဟုကတိပြုပါ။ သင်သည်ဆုံးဖြတ်ချက်နှင့် သံဒိဋ္ဌာန်ချမှတ်ပြီး ထိုကတိ၌ ယုံကြည်ခြင်းဖြင့်ရပ်တည်ပါ။ ဘုရားသခင်က သင့်အားထို ကတိကို ထိန်းသိမ်းနိုင်ရန် ခွန်အားပေးပါလိမ့်မည်။ တစ်ကြိမ် သင်ဝန်ခံအပ်နှံချီးမွမ်းပြီး တိုင်းချီးမွမ်းစရာအခွင့်အရေးများ၊ အထုတ်ကြီး (သို့) အထုတ်သေးများက တန်းစီကာ သင့်ထံရောက်လာပါလိမ့်မည်။ 'ခပ်သိမ်းသောအရာတို့၌ ကျေးဇူးတော်ကြီးလှပါ၏ဟု ငါတို့သခင်ယေရှုခရစ်၏ နာမတော်ကိုထောက်၍ ခမည်းတော်ဘုရားသခင်ရှေ့ ကာလအစဉ်မပြတ်ဝန်ခံကြလော့ (ဧဖက် ၅း၂၀)

**ဒေါ်စန်းစန်းမြင့်**

(ဆရာကေဇော်ထွန်းဘာသာပြန်ထားသော merlin carothen ရေးသည့် power in praise မှကောက်နှုတ်ချက်အချို့ကို အကျဉ်းရုံး၍တင်ပြသည်။)

